မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. _ Volume 17/Issue 12 / December / 2024*

*Wishing you a very*

MERRY CHRISTMAS



*For to us a child is born, to us a son is given, and the government will be on his shoulders. And he will be called Wonderful Counselor, Mighty God, Everlasting Father, and Prince of Peace. Of the greatness of his government and peace there will be no end. (Isaiah9:6-7)*

## *2024 December, Sunday Worship Programs*

DECEMBER 2024

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 |
| 8 | 9 | 10 | 11 | 12 | 13 | 14 |
| 15 | 16 | 17 | 18 | 19 | 20 | 21 |
| 22 | 23 | 24 Christmas Eve | 25 Christmas Day | 26 | 27 | 28 |
| 29 | 30 | 31 New Year's Eve | | | | |

www.wheniscalendars.com 2024

*December 1, 2024 … Holy Communion Sunday*

*December 8, 2024 … Christmas Worship Service*

*December 15, 2024 … Christmas Worship Service*

*December 22, 2024 … Christmas Worship Service*

*December 25, 2024 … Christmas Day Worship Service*

*December 29, 2024 … Regular Worship Service*

---

*Worship Place*

*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*

*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*




*You are invited to*

*B.C.F. Christmas Worship Program*



*Burmese Christian Fellowship*

*Presents*

*Christmas Cantata*

# "Birthday of The King"

*~ Come and Worship ~*

*with family and friends*

*December 25, 2024*

*2:00 PM*

*1337 Farmstead Ave.*

*La Puente, CA 91745*

## ကယ်တင်ရှင်ဖွားတော်မူပြီ



ဘုရားသခင်သည်
ငါတို့အဘို့သူငယ်ကို ဖွားမြင်၏။
ငါတို့အားသားကို သနားတော်မူ၏။
ထိုသူသည်အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။

နာမတော်မူကား ..
အံ့သြဖွယ်၊
တိုင်ပင်ဘက်၊
တန်ခိုးကြီးသောဘုရားသခင်၊
ထာဝရအဘ၊
ငြိမ်သက်ခြင်းအရှင် .. ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။

ဒါဝိဒ်မင်း၏ ရာဇပလ္လင်ပေါ် မှာထိုင်၍၊ နိုင်ငံတော်ကို နောင်ကာလအစဉ်မပြတ်၊ တရားတော်အတိုင်း ဖြောင့်မတ်စွာစီရင်၍ အမြဲတည်စေတော်မူမည် အကြောင်း၊ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲ ရှိလိမ့်မည်။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားသည် အလိုတော်အားကြီး၍၊ ထိုအမှုကို ပြီးစီးစေတော်မူလိမ့်မည်။

ယုဒပြည်မှာ သိုးထိန်းတို့သည် ညဉ့်အခါတောအရပ်၌ တည်းခိုလျက်၊ မိမိသိုးစုကို စောင့်နေကြသည် ဖြစ်၍၊ ထာဝရဘုရား၏ကောင်းကင်တမန်သည် သူတို့အနားမှာပေါ်လာ၍၊ ပတ်ဝန်းကျင်၌ ထာဝရဘုရား၏ ဘုန်းတော်ထွန်းတောက်သဖြင့်၊ သူတို့သည် အလွန်ကြောက်ရွံ့ခြင်းသို့ ရောက်ကြ၏။ ကောင်းကင်တမန်ကလည်း၊ ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာ သိတင်းကို ငါသည်သင်တို့အား ကြားပြောရ၏။

ယနေ့တွင်၊ ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့ အဘို့အလိုငှါ ဘွားမြင်ခြင်းကို ခံတော်မူပြီ။ သင်တို့သည် အဘယ်နိမိတ်ဖြင့်သိရမည်နည်း ဟူမူကား၊ သူငယ်သည်အဝတ်နှင့်ပတ်ရစ် ၍ နွားစားခွက်၌ သိပ်ထားလျက်ရှိသည်ကို တွေ့ကြလိမ့်မည်ဟု ဆိုပြီးလျှင်၊ ထိုကောင်းကင်တမန်နှင့်အတူ ကောင်းကင် ဗိုလ်ခြေအများတို့သည် ချက်ခြင်း ထင်ရှား၍၊ ကောင်းကင်ဘဝဂ်ဝယ်ဘုရားသခင်သည် ဘုန်းကြီး တော်မူစေသတည်း။ မြေကြီးပေါ်၌ လည်းငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အားမေတ္တာကရုဏာရှိစေသတည်းဟု ဘုရားသခင်ကို ချီးမွမ်း ၍ မြွက်ဆိုကြ၏။

ကောင်းကင်တမန်တို့သည် ကောင်းကင်ဘုံသို့ပြန်ကြပြီးမှ သိုးထိန်းတို့က၊ ငါတို့သည် ဗက်လင်မြို့သို့သွား ကြကုန်အံ့။ ထာဝရဘုရားသည် ဘော်ပြတော်မူသော ဤအမှုအရာကိုကြည့်ကြကုန်အံ့ဟု အချင်းချင်းပြောဆိုပြီးလျှင်၊ အလျင်အမြန်သွား၍ မာရိနှင့်ယောသပ်ကို၎င်း၊ နွားစားခွက်၌သိပ်ထားလျက်ရှိသောသူငယ်ကို၎င်းတွေ့ကြ၏။ တွေ့မြင်ပြီးမှ မိမိတို့ကြားသောထိုသူငယ်၏ အကြောင်းစကားကို အနှံ့အပြားပြောကြ၏။ သိုးထိန်းတို့ပြောသော စကားကို ကြားသောသူ ရှိသမျှတို့သည် အံ့သြခြင်းရှိကြ၏။

# လမင်းအေးအေး နဲ့ ကောင်းကင်



ကြယ်ကိုကြည့်ပြီး မင်းလောင်းပေါ်မယ်ဆိုတဲ့
ပညာရှိစကားဟာ ပုံပြင်မဟုတ်ဘူး

ပရောဖက်ဟောတဲ့ လောကကိုကယ်တင်သူ
ကြွလာမယ်ဆိုတာလည်း ဒဏ္ဍာရီမဟုတ်ဘူး

အနှစ်မရှိတဲ့ဦးနှောက်က လူလူချင်းကို
လက်တဆုတ်စာ အသဲနှလုံးနဲ့

ချစ်ပြနေတာ ပုံပြင်တွေ ဒဏ္ဍာရီတွေ
သားတော်ကိုစွန့်ရင်း အပြစ်ဖြေခဲ့တယ်ဆိုတဲ့

ဘုရားမေတ္တာက ဘာနဲ့မှနှိုင်းစရာ မလိုဘူး
ဒုက္ခတလှေကြီးနဲ့ ထောင်တစ်ရာချီအပြစ်က

ဝယ်ယူခဲ့တဲ့အချစ်ကို ဦးနှောက်သေးသေးလေးနဲ့
ပြောရရင် ကမ္ဘာကြီးလောက် ကြီးခဲ့ပါတယ်။

ရှိုးကြာဖြူ

# 'လောကဝမ်းမြောက် - ဘုရားကြွလာ'

## Joy to the world, the Lord is come

'Merry Christmas to you all' လို့ နှုတ်ခွန်းဆက်လိုက်ပါ၏။

ယခုတွင်၊ ခရစ္စမတ်ချိန်ခါအတွက် အရေးအကြီးဆုံးနှင့် အနှစ်သာရပြည့်ဝ၍ အဓိပ္ပါယ်ရှိလှသော **'လောကဝမ်းမြောက် ဘုရားကြွလာ** – Joy to the world , the Lord is come' ခရစ်စ္စမတ်ဓမ္မတေးသီချင်း၏နောက်ခံသမိုင်းအကြောင်းနှင့် နက်ရှိုင်းလှသောအကြောင်းတရားကို တင်ဆက်လိုပါ၏။

ဤခရစ္စမတ်ဓမ္မတေး သီချင်းသည် Isaac Watts ဆိုသူက ဆာလံ ၉၈ ရှိ ကျမ်းစကားကို အခြေပြု၍ တင်ဆက်ထားပါသည်။ သူသည် ၁၆၇၄ ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ Southampton မြို့တွင် မွေးဖွားခဲ့သည်။ အသက် ၁၆ နှစ်တွင် London မြို့ရှိ Thomas Rowe ဓမ္မတက္ကသိုလ်မှာ ပညာသင်ကြားခဲ့ပြီး၊ ၂၄ နှစ်တွင် ဘုန်းတော်ကြီး ဖြစ်လာခဲ့သည်။ Watts သည် ရှိရင်းစွဲ သီဆိုနေသောဆာလံသီချင်းများနှင့် ၎င်းတို့၏သံစဉ်များကို စိတ်ကျေနပ်မှုမရှိသောကြောင့် ဆာလံကျမ်းများစွာကို အဓိပ္ပါယ်ပေါ်လွင်အောင် သရုပ်ဖော်ပြ၍ စပ်ဆိုခဲ့သည်။ Watts သည် ဆာလံကျမ်းကို ခရစ်တော်ကို ဗဟိုပြုသည့်ပုံစံဖြင့် ဘာသာပြန်ဆိုသည်။ ထိုအချက်သည် သမ္မာကျမ်းစာ တစ်အုပ်လုံး ယေရှုခရစ်တော်ကို ရည်ညွှန်း၍ ပြသသော ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေး အယူဝါဒနှင့်လည်း ကိုက်ညီနေသည်။

Isaac Watts သည် ဆာလံသီချင်းများအပြင် အခြားသောဓမ္မသီချင်းများကို အင်္ဂလန်အသင်းတော်တွင် သီဆိုခွင့်ရသောအခါ၊ ဓမ္မတေးသီချင်းများစွာကို သူဖန်တီးပေးခဲ့သည်။ Watts သည် ဆာလံကျမ်းတွင် သူ၏သီချင်းများစွာကို အခြေခံထားဆဲဖြစ်သော်လည်း ခရစ်ယာန်အတွေ့အကြုံကို အခြေခံ၍ ဓမ္မသီချင်းများရေးသားခြင်းကို အထူးစိတ်ဝင်စားခဲ့သည်။ တေးဂီတသံစဉ်နှင့်အတူ စာသားများမှတစ်ဆင့် သမ္မာကျမ်းစကားများကို လူတိုင်းကြားသိစေရန် သူ၏မျှော်လင့်ချက်ဖြစ်သည်။ သို့ရာတွင်၊ မူရင်းဓမ္မဟောင်းကျမ်းများကို ရေးသားခြင်းထက် ဓမ္မသစ်ကျမ်းတွင် ဖေါ်ပြထားသည့်အတိုင်း ယေရှုခရစ်တော်၏အမှုတော်မြတ်အကြောင်းကို ပိုမိုရှင်းလင်းစွာ ရည်ညွှန်းဖေါ်ကျူးရန် ၎င်းတို့ကို သူပြုပြင်ပြောင်းလဲခဲ့သည်။

"ဆာလံ ၉၈" ၏ ရှုပါရုံသည် လောကကို ဖြောင့်မတ်စွာ တရားစီရင်မည့် သခင်ကြွလာမည့်နေ့ကို စောင့်မျှော်နေပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ် ခရစ်တော်ကြွလာခြင်းအတွက် လူအပေါင်းတို့အား ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်စေသည်။ 'ကမ္ဘာလောကကြီးရှိ လူသားအပေါင်းတို့ဝမ်းမြောက်ရွှင်လန်းကြဖို့ရန်အတွက် ဘုရားသခင်၏သားတော် လူ့ဇာတိခံယူကာ ဤလောကသို့ ကြွဆင်းလာတော်မူသည့်အကြောင်း'ကို သီဆိုသူများအပေါင်းကို သာမက ကြားနာရသူများအတွက် ရှေ့အနာဂတ်ကိုမျှော်ကြည့်ရန် လှုံ့ဆော်ပေးသည်။ **'လောကဝမ်းမြောက်ဘုရားကြွလာ'** သီချင်း၏တေးသွားနှင့်သံစဉ် သဟဇာတဖြစ်မှုတို့သည် သီဆိုသူများနှင့် ကြားရသူတို့၏နောက်သို့

ကောင်းမွန်စွာ မျှော်ပါသွားလေသည်။ သီချင်းစပ်ဆိုသူWatts နှင့် တေးဂီတကို သံစဉ်သွင်းပေးသူ Sihf Mason တို့သည် မိမိတို့၏ပူးပေါင်းလုပ်ဆောင်မှုတွင် လေးနက်စွာအထူးအောင်မြင်ခဲ့သည်။ သို့သော်၊ ခေတ်ကာလတစ်လျှောက်လုံး တောက်လောင်စေမည့်လုပ်ရပ် ဖြစ်နေကြောင်းကို သူတို့လုံးဝမသိရှိခဲ့ကြပေ။

ဤလုပသောဓမ္မသီချင်းတွင်၊ Isaac Watts သည် ဤလူ့လောကသို့ ယေရှုခရစ်တော်ကြွလာရခြင်းသည် ဘုရားသခင်၏နိုင်ငံတော်ကို ပြန်လည်ထူထောင်ဖို့ရန်နှင့် မှောင်မိုက်ဖုံးလွှမ်း၍ အလင်းကွယ်ပျောက်နေသော ဒုက္ခပျက်စီးဆုံးရှုံးခြင်းအမှောင်ကမ္ဘာကို ဘုရားသခင်၏မေတ္တာတော်ဘုန်းတန်ခိုးတော်ဖြင့် သန့်ရှင်းစေပြီး၊ အလင်းတရားပျံ့ပွားကာ အမင်္ဂလာမှ မင်္ဂလာဖြစ်စေမှုမည်။ သမ္မာတရားတော်နှင့်အညီ စိုးစံအုပ်ချုပ်မည် ဆိုသည့်အကြောင်း၊ ဤခရစ္စမတ်ဓမ္မတေးသီချင်းကို ရွှင်လန်းအားရဝမ်းမြောက်စွာ ကျူးသေီဆိုခြင်း အားဖြင့် ကယ်တင်ရှင်သခင်၏ သတင်းကောင်းကို လူတိုင်းကြားသိနိုင်စေသည်။ မိမိ၏ကယ်တင်ပိုင်ရှင်သခင်ကို ဤလောက၏ဘုရင်နှင့်သခင်ဘုရားအဖြစ် ချီးမြှောက်ပြီး၊ သံပြိုင်ကြွေးကြော်ကာ ‘လောကဝမ်းမြောက်ဘုရားကြွလာ – Joy to the world’ ခရစ္စမတ်ဓမ္မတေးသီချင်းကို ချီမွမ်းသီဆိုပါကြစို့။

**‘လောကဝမ်းမြောက်** – Joy to the world’ ခရစ်စ္စမတ်ဓမ္မတေးသီချင်းတွင်၊ စာသားအပိုဒ်ငယ် (၄) ခု ရှိ၍၊ အပိုဒ်ငယ်အားလုံးက သခင်ယေရှုခရစ်တော်ကို အာရုံစူးစိုက်နေစေသည်။

## ယေရှုကြွလာတော်မူကျူး။

===================



၁။ လောကဝမ်းမြောက်၊ ဘုရားကြွလာ၊
မြေကြီးဘုရင်ခံယူ။
နှလုံးခပ်သိမ်း၊ နေရာပြင်ထား၊
ကမ္ဘာ–မြေမိုဃ်းကျေူး။

၂။ မြေကြီးဝမ်းမြောက်၊ ယေရှုစိုးစံ၊
လူများသီချင်းဆိုစေ
လယ်ပြင်၊ ပင်လယ်၊ ကျောက်တောင်၊ အသံ
ပြန်၍–မြည်ကြကုန်လေ။

၃။ နောက်နောင်အပြစ်ဒုက္ခမပွါး၊
ဆူးပင်မနှောက်ရှက်ပြီ။
အမင်္ဂလာမှမင်္ဂလာ
ထုတ်ဘော်–အောင်ကြွလာသည်။

၄။ သမ္မာတရားဆုကျေးဇူးဖြင့်၊
လောကအုပ်ချုပ်မူ၏။
မေတ္တာတော်ဘုန်းတန်ခိုးသန့်ရှင်း၊
လူတိုင်း–ကိုသိစေသည်။





## ယေရှုခရစ်တော်၏ဘွဲ့နာမတော်သည်
## ဘုရင်တို့၏ .. ဘုရင်
## သခင်တို့၏ .. သခင်
## ဖြစ်တော်မူ၏။
## (ဗျာဒိတ်ကျမ်း၁၇း၁၄။၁၉း၁၆)

ယေရှုခရစ်တော်သည် ဤလောကသို့ ဝမ်းမြောက်ခြင်းကို ဆောင်ယူခဲ့၍၊ မှောင်မိုက်ရှိသောနေရာတွင် အလင်းရောင်၊ ယိုယွင်းနေသောနေရာမှာ ပြန်လည်ရှင်သန်ကြီးထွားမှု၊ မုန်းတီးခြင်းအရာတွင် ချစ်ခြင်းကိုဖြစ်စေမည့် ‘မေတ္တာတော်ရှင်’ ဖြစ်သည်။

ပျော်ရွှင်မှုကို လူသားတိုင်း လိုချင်ကြပါသည်။ လူအများက ပျော်ရွှင်မှုကို ရရှိပိုင်ဆိုင်ဖို့ရန်အတွက် နည်းအမျိုးမျိုးဖြင့်ရှာဖွေနေဆဲပါ။ နေရာအရပ်ရပ်ကို အလည်အပတ်သွား၍ ရှာကြသည်။ မိမိတို့ကိုပျော်ရွှင်မှုပေးမည့်ပစ္စည်းများကို ဝယ်ယူကြသည်။ ဝတ်စားဆင်ယင်ရေး၊ စိတ်ဖျော်ဖြေရေး၊ ဝါသနာ၊ အားကစား၊ ဆွဲဆောင်မှုနှင့် စွဲလမ်းမှုတို့ အရာများတွင် ပျော်ရွှင်မှုကို ရှာဖွေနေကြသည်။

သို့ရာတွင်၊ ပျော်ရွှင်မှု (သို့) ပျော်ရွှင်ခြင်းကို ကျော်လွန်၍၊ လူ၏ညာဏ်နှင့်မမှီ လူတို့ကြံစည်၍မရနိုင်သော ရွှင်လန်းဝမ်းမြောက်ခြင်းကို ရရှိပိုင်ဆိုင်ဖို့အတွက် သတိလက်လွှတ်ဖြစ်နေကြ၏။ ရွှင်လန်းဝမ်းမြောက်ခြင်းက ရွေးချယ်မှုတစ်ခုပါဘဲ။

လောကသားများအားလုံး ရွှင်လန်းဝမ်းမြောက်ဖို့ရန်အတွက် ဘုရားသခင်၏သားတော်သည် ဤလောက၏ဘုရင်အဖြစ် စိုးစံအုပ်ချုပ်ဖို့ရန် လူ့ဇာတိခံယူကာ ကြွဆင်းလာခဲ့သည်။

သို့သော်လည်း၊ လောကအရာကို စွဲလန်းသောသူအများက လက်မခံဘဲ ငြင်းပယ်ခဲ့ကြသည်။ လောကသားများကို ချစ်တော်မူသော အရှင်သခင်ဘုရင်သည် နောက်တဖန် ပြန်လည်ကြွဆင်းလာတော်မူမည်ဖြစ်၍ အစဉ်ဆုတောင်းလျက် စောင့်နေကြပါစို့။ ။

***********************************************



တိမောသေဩဝါဒပထမစာစောင်၊၆း၁၅–၁၆။
မရဏာနှင့်ကင်းလွတ်သောသူ တပါးတည်းဖြစ်တော်မူထသော၊
အဘယ်သူမျှမချဉ်းကပ်နိုင်သော အလင်းထဲ၌နေတော်မူထသော၊
အဘယ်သူမျှမမြင်ဘူးရာ၊ မမြင်နိုင်ရာဖြစ်တော်မူထသော၊
မင်္ဂလာရှိသောတပါးတည်းသောအရှင် ဖြစ်တော်မူထသော၊
ဘုရင်တကာတို့ထက်ဘုရင်၊ သခင်တကာတို့၏သခင်သည် ...
ကာလအချိန်ရောက်သောအခါ၊ သခင်ယေရှုခရစ်၏ထင်ရှားပေါ်ထွန်းခြင်းကို ပြတော်မူလိမ့်မည်။
ထိုဘုရားသခင်သည် ထာဝရဂုဏ်အသရေ အစွမ်းသတ္တိ ရှိတော်မူစေသတည်း။ ... အာမင်







*Romans 5:13*

### ဟေရှာယအနာဂတ္တိကျမ်း၊ ၅၃ ။

၁ ငါတို့ဟောပြောသော သိတင်းစကားကို အဘယ်သူ ယုံသနည်း။ ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှားတော်မူသနည်း။

၂ ထာဝရဘုရား၏ ကျွန်သည် အညွန့်ကဲ့သို့၎င်း ၊ သွေ့ခြောက်သောမြေ၌ ပေါက်သော အတတ်ကဲ့သို့၎င်း၊ ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိ။ ချစ်လိုဘွယ်သော မျက်နှာ လက္ခဏာနှင့် မပြည့်စုံ။

၃ မထီမဲ့မြင် ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူ ဖြစ်၏။ ငြိုငြင်သောသူ၊ နာကြည်းခြင်း ဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာ လွှဲခြင်းကို ခံရသော သူကဲ့သို့ဖြစ်၏။ မထီမဲ့မြင် ပြုခြင်းကို ခံလျက်ရှိ၍ ငါတို့သည် မရိုသေကြ။

၄ သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင် ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကို၎င်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကို၎င်း ခံရသောသူ ဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။

၅ ထိုသူသည် ငါတို့လွန်ကျူးသော အပြစ်များကြောင့်၊ နာကျင်ထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်း၊ ချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။

၆ ငါတို့ရှိသမျှသည် သိုးကဲ့သို့ လမ်းလွဲလျက်၊ ကိုယ်လမ်းသို့ အသီးသီးလိုက်သွား ကြသည်ဖြစ်၍ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ် တင်တော်မူ၏။

၇ ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။ အသက်သတ်ခြင်းငှါ ဆောင်သွားသော သိုးငယ်ကဲ့သို့သူ့ကို ဆောင်သွား၍၊ သိုးသည် အမွေးညှပ်သော သူရှေ့မှာမမြည်ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။

၈ မတရားစွာစီရင်ခြင်းအားဖြင့် သူ့ကိုထုတ်သွားကြသည်။အသက်ရှင်သော သူတို့၏နေရာမှ သူ့ကို သုတ်သင်ပယ်ရှင်းသည်ဖြစ်၍၊ သူ၏အမျိုးအနွယ်ကို အဘယ်သူပြည့်နှင်မည်နည်း။ ငါ၏လူမျိုးအပြစ်ကြောင့် ဒဏ်ခတ်တော်မူခြင်းကို ခံလေ၏။

၉ ပြစ်မှားခြင်းကိုမပြု။ သူ၏နှုတ်၌ မုသားမရှိသော်လည်း၊ လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှါ စီရင်ကြ၏။ သို့ရာတွင် သေပြီးမှသူဌေး၌ ရှိ၏။

၁၀ ထာဝရဘုရားသည် သူ့ကို နှိပ်စက်ခြင်းငှါ အလိုတော်ရှိ၍ နာစေတော်မူသည်။ သူသည်အပြစ်ဖြေသောယဇ်ကို ပူဇော်ပြီးမှ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။

၁၁ မိမိစိတ်ဝိညာဉ် ခံရသော ဝေဒနာ၏ အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။ ထိုဖြောင့်မတ်သောငါ၏ ကျွန်ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည်အများသော သူတို့ ကို ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏ အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏။

၁၂ ထိုသို့ မိမိအသက်ကို သေခြင်း၌ သွန်း၍ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သဖြင့်၊ လူများတို့၏အပြစ်ကို ဆောင်ရွက်၍ မတရားသော သူတို့အဘို့ တောင်းပန်သောကြောင့်၊ လူကြီးတို့ကို သူတို့အဘို့ ဖြစ်စေခြင်းငှါငါခွဲမည်။ အစွမ်းသတ္တိရှိသော သူတို့ကို သူ၏လက်ဥစ္စာကဲ့သို့ ကိုယ်တိုင်ဝေဖန်ရသော အခွင့်ရှိလိမ့်မည်။ ။